# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# ၂၆ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၇–၃–၂၀၁၄ ] (တနင်္လာနေ့) ၁၀၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်တွင် အဖွဲ့ဝင် ထပ်မံထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **မြို့သစ်မြို့နယ်ခွဲ၊ အောင်ဇေယျ ကျေးရွာမှ တောင်သူများလုပ်ကိုင်နေသော လယ်ဧက ၁၆၀ ခန့်အား သစ်တောကြိုးဝိုင်းပြင်ပ ကာကွယ်တောမှ ကင်းလွတ်ခွင့် ပြုပေး နိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုးသိမ်း၊ ကလေးဝ မဲဆန္ဒနယ်၏ **သဘာဝသစ်တောများကို ကာကွယ်စောင့်ရှောက်ရေးအတွက် ထိရောက်မှုရှိရန် ဝန်ထမ်းများ တိုးရဲ့ခန့်ထားပေးရန်နှင့် သက်ဆိုင်ရာ ဌာနများသို့ ဆုပေး၊ ဒဏ်ပေးစနစ် ကျင့်သုံးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးကြည်သာ၊ ဝွ မဲဆန္ဒနယ်(ကိုယ်စား) ဦးဝင်းမြင့်၊ ပြည် မဲဆန္ဒနယ်၏ **ဝွမြို့နယ်နှင့် သံတွဲမြို့နယ်အစပ်ရှိ ပုစွန်ဖြေကျေးရွာအုပ်စုတွင် စိုက်ပျိုးထားသော (Tissue Culture) ကျွန်းစိုက်ပျိုးရေးလုပ်ငန်းသည် ပတ်ဝန်းကျင်ဒေသခံ လူထုနှင့် လက်ရှိသစ်တော၏ ဗီဇမျိုးရင်းများ ကို ထိခိုက်မှုရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးခွန်သိန်းဖေ၊ ဟိုပုန်း မဲဆန္ဒနယ်၏ **ဟိုပုန်းမြို့နယ်ရှိ ကျောက်တန်း–ထီတခု–နောင်ဒေးလမ်းအား မြေသားလမ်းအဖြစ်မှ ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်၊ ကဘင်ကျေးရွာ အုပ်စု၊ ရေကန်အော်ကျေးရွာရှိ တံတားအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးမောင်မောင်တင်၊ ရေကြည် မဲဆန္ဒနယ်၏ **ရေကြည်မြို့နယ်ရှိ ချောင်းဖျား–ဖက်သလက်–နွားရေတိုက် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ **ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းကျေးရွာတွင် စက်ရေတွင်းတူးဖော်ပြီး ဘုရားစုကျေးရွာအုပ်စုသို့ သောက်သုံးရေ ဖြန့်ဝေပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ ပြန်ကြားရေးဝန်ကြီးဌာနက **"အများပြည်သူဝန်ဆောင်မှု မီဒီယာ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၈။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၇ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။